EXECUTIVE ORDERS

လိုဂန်စပို့ မြို့တော်ဝန်ရုံးနဲ့ Cass ကောင်တီ ကော်မီရှင်တို့မှ အမိန့်ကြေငြာချက် အသစ် တစ်ခုထုတ်ပြန်လိုက်ပါသည်၊ ထိုထုတ်ပြန်ချက်များကို အလေးထား လေးစားလိုက်နာကြပါရန် အရေးကြီးပါသည်၊ COVID-19 ကပ်ဆိုးရောဂါ ပြန့်နှံ့သွားခြင်း နှေးကွေးလာအောင် ကျွန်တော်တို့ အရောက်တိုင်းပါဝင်ကြရန် အင်မတနမှ အရေးကြီးပါသည်၊

**အားလုံးလိုက်နာရမည့် အမိန့်ကြေငြာချက်များ**

- အမိန့်ကြေငြာချက်အားလုံးသည် တနင်းလာနေ့ နေ့လည် အချိန်မှစပြီး ထပ်မံကြေငြာချက် အသစ်မထုတ်ပြန်မချင်း အကျုံးဝင်သွားမည်ဖြစ်သည်
- စျေးဝယ်ထွက်ခြင်း ပဓါနကျသော လိုအပ်ချက်များ ဝယ်ယူရန်ရှိသော် မိသားစု တစ်စုတွင် လူတစ်ဦးသာ သွားရန်
- စျေးဝယ်ရန် အပြင်ထွက်သူသည် ပါးစပ်နဲ့ နှာခေါင်းများ အကာအကွယ်ပြုရန် မျက်နှာဖုံးစွပ်ထားရန်
- ကလေး အသက် ၁၆ နှစ်အောက် ရှိသူများ စျေးဆိုင်ထဲသို့ခေါ်မသွားရန်၊ ဝင်ခွင့်လုံးဝမပြုရန်
- ယခင်က ထုတ်ပြန်ထားသော အမိန့်များဖြစ်သည့် စားသောက်ဆိုင်ထဲ ဝင်စားခွင့်ပိတ်ပင်ချက်များ၊ အပြင်မှ (သို့မဟုတ်) ယျာဉ်ပေါ်စောင့်မှာယူရန် ကြေငြာချက်များ အားလုံးသည်လည်း ဆက်လက်အတည်ဖြစ်ရပါမည်
- ထိုအမိန့်ကြေငြာချက်များအား ပြည်သူလူထုမှ လိုက်နာကျင့်သုံးခြင်း ထိရောက်မှု ရှိစေရန် ယခင်အချိန်များထက် တာဝန်ရှိ အာဏာပိုင်များ နေရာအနှံ့သို့ တွေ့ရှိရလိမ့်မည်ဖြစ်သည်

**စီးပွါးရေးလုပ်ငန်ရှင်များ လိုက်နာရမည့်အချက်များ**

- လျူဂန်စပို့မြို့နဲ့ Cass County အတွင်းရှိ စီးပွါးရေးလုပ်ငန်းရှင်များ၊ စျေးဆိုင်များသည်လည်း အမိန့်ကြေငြာချက်များ လိုက်နာခြင်း ရှိနိုင်ရန် ကြိုကြပ် စောင့်ထိန်းရန်
- ဆိုင်အကျယ်အဝန်း စတုရန်းပေ ၁၀၀၀ တိုင်းတွင် တစ်ချိန်တည်းတွင် စျေးဝယ်သူ ၂ ဦးသာခွင့်ပြုရန်၊
- ဆိုင်အကျယ်အဝန်း စတုရန်းပေ ၆၂၀၀၀ တိုင်းတွင် တစ်ချိန်တည်းတွင် စျေးဝယ်သူ ၁၂၅ ဦးသာခွင့်ပြုရန်၊
- ဆိုင်အကျယ်အဝန်း စတုရန်းပေ ၂၀၀၀ တိုင်းတွင် တစ်ချိန်တည်းတွင် စျေးဝယ်သူ ၅ ဦးသာခွင့်ပြုရန်၊
- ပဓါနကျသော စျေးဆိုင်တို့မှ အထက်က အမိန့်ကြေငြာချက်များ ကို စျေးဝယ်သူများမှ လိုက်နာခြင်ရှိနိုင်ရန်အတွက် တက်ကြွစွာ ပါဝင်ကြပါရန်
- ဒီလို ကဒ်ဆိုးဘေးဆိုက်ရောက်နေချိန်တွင် မိမိစီးပွားရေးများအား အခြေနေအရ ပိတ်ထားနင့်သူများအပေါ် လိုဂန်စပို့ မြို့တော်ဝန်သည် အထူးကျေးဇူးတင်ရှိကြောင်း၊ ပဓါနကျသော စျေးဆိုင်ဆက်လက် ဖွင့်နေသူများ သည်လဲပဲ အနီးကပ်လိုက်နာစောင့်ကြည်ကြပါရန် မေတ္တာရပ်ခံကြောင်း ဖေါ်ပြအပ်ပါသည်၊

**ပါးစပ်နဲ့ နှာခေါင်းကာ မျက်နှာဖုံးများ ရရှိနိုင်သည့်နေရာများ**

သင့်တွင် ပါးစပ်နဲ့ နှာခေါင်းကာ မျက်နှာဖုံးစွပ်များ လိုအပ်နေပါက Amy's Fashion ဆိုင်နဲ့ Carley's Creation ဆိုင်တို့တွင် ရရှိနိုင်ပါသည်၊ဝ

- Amy's Fashions: (574-753-5800
- Carley's Creations: (765-490-8378

CDC ခေါ် ဗဟိုရောဂါ ထိမ်းချုပ်ရေးနဲ့ ကာကွယ်ရေး ဌါနမှလည်း မျက်နာဖုံးများကို တီရှပ်များ၊ လက်ကိုင်ပါဝါများမှတဆင့် ဖန်တီးပြုလုပ်ပုံများလည်း ဝပ်ဆိုက်ပေါ်တွင်တင်ထားပါသည်၊ဝ

https://www.cdc.gov/coronavirus/2019-ncov/prevention-getting/sick/diy-cloth-face-coverings.html

**မိသာစု တစ်စုအနေဖြင့် ပြုမူဆက်ဆံသင့်သည့် အခြားသော သိကောင်းစရာများ**

- အသက် (၆၅) နှစ်မှ အထက်ရှိသူများအတွက် COVID-19 ရောဂါအား ပိုရ၍ အတွာရယ်ကြီးမှားပါသည်၊ ထိုသူတို့အား သီးသန့် ထားပြုစုခြင်းသည် သူတို့အတွက် ပို၍ အရေးကြီးပါသည်၊ သင့်အိမ်တွင် တခြားသူများ၊ ဆွေမျုလာဖိုးရင်လးခြာများပါ အလည်မလာရန် အရေးကြီးသည်၊
- အရေးကြီးသောအရာများ ဝယ်ယူချိန်ရောက်တိုင်း မိသားစုဝင်တစ်ဦးသာ သွားသင့်သည်၊ ထိုသို့ စျေးဝယ်ထွက်ရန် ပုံမှန်သွားမည့် မိသားစုဝင်တစ်ဦး သီးသန့် ထားသင့်သည်၊ ထိုသူသည်လည် ကျန်းမာသန်စွမ်းသူဖြစ်ရပါမည်၊ တခြားမိသားစုဝင်များနဲ့အတူ အပြင်မထွက်သင့်သည့် အချိန်ဖြစ်ပါသည်
- လမ်းလျှောက်ခြင်းများလည်း ကောင်သောအရာပင်ဖြစ်သည်၊ ကလေးသူငယ်များလည် အိမ်ပြင်ထွက် ပြီး ခြံဝန်းထဲ၌ ကစားစေသင့်ပါသည်၊ သိုသော် မိမိ၏ မိသားစုဝင်များနဲ့သာ လမ်းလျှောက်ခြင်း၊ ကစားခြင်းများ ပြုလုပ်သင့်ပါသည်၊ တခြားသူများနဲ့ ကြုံဆုံလာပါက အချင်းချင်း နားလည်ကြကာ ရှောင်ရှားသင့်ပါသည်၊
- အသိပေးချင်သည်မှာ ပန်းခြံအားလုံး ပိတ်ထားနေသည်ဖြစ်သည်၊ ပန်းခြံများသို့ လမ်းလျှောက်ခြင်း ကစားခြင်းများ မလုပ်ပါနဲ့ဝ
  Translated by Zo Christian Church, Logansport.